## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ (၁၇-၇-၂၀၂၆)
## မေးခွန်းများဖြေကြားချက်အကျဉ်းချုပ်

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁။ | **ဦးညွန့်ဆောင်၊ ရမည်းသင်းမဲဆန္ဒနယ်**က ရမည်းသင်းမြို့နယ် တွင် နှစ်ရှည်သီးပင်စားပင်များ၊ ဥယျာဉ် လယ်ယာသီးနှံထွက်ကုန်များကို တန်ဖိုးမြင့် ထုတ်ကုန်များအဖြစ် ထုတ်လုပ်ရောင်းချနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းပါသည်။ | **စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**က ဒေသခံများ၊ လုပ်ငန်းရှင်များကိုယ်တိုင်တက်ကြွပြီး အားစိုက်ထုတ်မှုများ ရရှိလာစေရန် တိုင်းဒေသကြီး MSME အေဂျင်စီတို့၏ ပံ့ပိုးကူညီမှုများနှင့်အတူ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၂။ | **ဒေါက်တာထိန်ဝင်း၊ ကျောင်းကုန်းမဲဆန္ဒနယ်**က MSME လုပ်ငန်းများနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်မည့် အစီအမံများ သိရှိလိုခြင်း မေးမြန်းပါသည်။ | **စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန**က သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ နှစ်အလိုက် ဦးစားပေးစား အစီအစဉ်ဖြင့် လျှပ်စစ်မီးအပြည့်အဝရရှိရေး၊ ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေးနှင့် ထုတ်လုပ်ပိုင်းများကို ပိုမိုဖြည့်ဆည်းပေးနိုင်ရေး အစီအမံများ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၃။ | **ဦးအောင်ဝင်းဆွေ၊ မြန်အောင်မဲဆန္ဒနယ်**က မြန်အောင်မြို့နယ်၊ ထူးကြီး-ရွှေကျင်လမ်းပိုင်းမှ ရွှေကျင်မှ မဲဇင်းအထိ (၅) မိုင်ခွဲခန့်ကို ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က ယခု ဘဏ္ဍာနှစ်တွင် အမာခံလမ်းပိုင်း ၄ ဖာလုံအား ချောင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်လမ်းပိုင်းအားကျောက်ခင်းလမ်းအဖြစ်၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစ၍ ရန်ပုံငွေလျာထားပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၄။ | **ဒေါက်တာရွှေပြည်စိုး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်**က ဒဂုံမြို့သစ်ခရိုင်ကို ခရိုင်ချင်းဆက်လမ်းကတစ်ဆင့် မြို့တော်ပတ်လမ်း တည်ဆောက်ရန် ရန်ကုန်အဝင် အထူးဖွံ့ဖြိုးရေးခရိုင်အဖြစ်သတ်မှတ်၍ စီးပွားရေးမြှင့်တင်ရန်နှင့် အထူးဖွံ့ဖြိုး | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က Inter Ring Road/ Outer Ring Road များနှင့် မြို့တွင်းချိတ်ဆက်လမ်းကွန်ယက်များကို အသုံးပြု၍ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများကို ဟန်ချက်ညီညီ ဆောင်ရွက်ခြင်းဖြင့် ဒဂုံမြို့သစ်ခရိုင်သည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး Master Plan အရ Sub- |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| | တိုးတက်လာအောင် မည်သို့စီမံ ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | Center သတ်မှတ်ပြီး စီမံကိန်းများ ဆောင်ရွက်ရန်ရှိပါ၍ မြို့တော်ပတ်လမ်းမ တည်ဆောက်ရန်နှင့် သီးခြားအထူးဖွံ့ဖြိုးရေးခရိုင် သတ်မှတ်ဆောင်ရွက်ရန် မရှိပါကြောင်း ဖြေကြားပါသည်။ |
| ၅။ | **ဦးတင်ထွန်းလွင်၊ ကလေးဝမဲဆန္ဒနယ်**က မြစ်သာ မြစ်ကူးကြိုးတံတား(ကလေးဝ)၏ တံတားထိန်းကြိုးများအား ဆောလျင်စွာ ပြုပြင်ထိန်းသိမ်းရန် မည်သည့်အချိန်၊ မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က ယခုဘဏ္ဍာနှစ်တွင် ပျက်စီးသွားသည့် ပင်မကြိုးများအား အသေးစိတ် စစ်ဆေးတိုင်းတာခြင်း လိုအပ်သည့် ကြိုးတံတားပစ္စည်းများအား ပြည်ပမှ မှာယူခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများအား ဆောလျင်စွာ ပြီးစီးနိုင်ရေးအတွက် အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၆။ | **ဦးသက်ပိုင်ထူး၊ ဖားကန့်မဲဆန္ဒနယ်**က မိုးကောင်း- ကာမိုင်း- ဖားကန့် ကားလမ်းမကြီးအား နိုင်လွန်ကတ္တရာ/ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က အဆင့်မြှင့်တင်ရန် လတ်တလောတွင် ဆောင်ရွက် ပေးနိုင်ခြင်း မရှိသေးသော်လည်း နယ်မြေအခြေအနေအရ ဆောင်ရွက်နိုင်သည့် အခြေအနေတွင် လမ်းပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို နီးစပ်ရာဘဏ္ဍာနှစ်များတွင် ရန်ပုံငွေထည့်သွင်း လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၇။ | **ဒေါက်တာနန္ဒာလှမြင့်၊ ကလေးမဲဆန္ဒနယ်**က ကလေးမြို့နယ်တွင် ဝန်ထမ်းအိမ်ရာများကို မည်သည့်အချိန်တွင် စီမံဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က ရှမ်းပြည်နယ်အတွင်းရှိ အိမ်ရာအခက်အခဲရှိသည့် မြို့များတွင် ဝန်ထမ်းအိမ်ရာ အဆောက်အဦ ၁၉၅ လုံး တည်ဆောက်ပေးပြီးဖြစ်ကြောင်းနှင့် ကလေးမြို့တွင် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် မြေနေရာရရှိရေး ကနဦး ဆောင်ရွက် ရမည်ဖြစ်ပြီး ရရှိပါက ရန်ပုံငွေလျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၈။ | **ဦးတင့်ဝေ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်**က ဒဂုံမြို့သစ်မြောက်ပိုင်း မြို့နယ်အား မြို့ကွက်သစ်ဖော်ရာတွင် ကျေးရွာ(၄)ရွာမှ လယ်ယာမြေများ သိမ်းဆည်းခဲ့သည့်အတွက် မြေကွက် | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ ပေးလျော်ရန် ကျန်ရှိကြောင်း စိစစ်တင်ပြလာပါက သတ်မှတ်ထားသည့် |

| စဉ် | မေးခွန်း | အဖြေ |
| --- | --- | --- |
| | အစားထိုးပေးအပ်ခြင်းနှင့် လျော်ကြေးငွေပေးအပ်ရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | လျော်ကြေးငွေ နှုန်းထားအတိုင်း ပေးလျော်သွားမည် ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၉။ | **ဒေါ်နန်းသန်းသန်းမွေး၊ မိုင်းကိုင်မဲဆန္ဒနယ်**က မိုင်းကိုင်လမ်းပိုင်းနှင့် ပန်ကေတု-ကျေးသီးလမ်းပိုင်းအား ချဲ့ပေးရန် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် လျာထားနိုင်ခြင်း ရှိ၊ မရှိနှင့် မရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က ယခုဘဏ္ဍာနှစ်တွင် ပျက်စီးနေသည့် မိုင်းကိုင်လမ်းပိုင်းနှင့် ပန်ကေတု-ကျေးသီးလမ်းပိုင်းတို့အား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း ထပ်ပိုးလွှာခင်းခြင်းတို့ကို ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၁၀။ | **ဦးစိုးဝင်း၊ မြို့သစ်မဲဆန္ဒနယ်**က တောင်တွင်းကြီးနှင့် မြို့သစ်မြို့နယ်ကြားရှိ သံကူကွန်ကရစ် ရေကျော်အား သံကူကွန်ကရစ် “အမြင့်” ရေပေါ်အဖြစ် လာမည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်မှု ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာန**က အလျား ၂၄၀ ပေ သံကူကွန်ကရစ်တံတားအသစ် တည်ဆောက်ရန် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်မှစတင်၍ နှစ်အလိုက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |